ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

(၃၅)ရက်မြောက်နေ့ အစီအစဉ်

[ ၃၀-၅- ၂၀၁၆ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၃၅)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်အတွင်း၌ မဲစာရင်းများ မှားယွင်းနေမှုအပေါ် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်လာမည့် ရွေးကောက်ပွဲ ကာလ၌ မဲစာရင်းမှန်ကန်နိုင်စေရန် မည်ကဲ့သို့ စီမံဆောင်ရွက် ထားသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးချင်းဖေလင်း၊ မံစီ မဲဆန္ဒနယ်၏ ကချင်ပြည်နယ်၊ မံစီမြို့နယ်တွင် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောတွင်း ကျရောက်လျက် ရှိသော ကျေးရွာများ၊ ကျေးရွာမြေများအား သစ်တောဧရိယာမှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် လူဦးရေ တိုးတက်လာသည့် နှင့်အမျှ လူနေအိမ်များ တိုးချဲ့ဆောက်လုပ်နိုင်ရန်နှင့် စိုက်ပျိုးမြေများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ကြိုးပြင်ကာကွယ်တော ဧရိယာများ

လျှော့ချပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးပါမည်၊ မရှိပါက အဘယ်ကြောင့်မရှိသည်တို့ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၏ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် မိုးပွင့်စီမံချက်များအတိုင်း မြန်ဆန်စွာ သတ်မှတ်နှုန်းထားအတိုင်း သက်သာသောစရိတ်နှုန်းထားဖြင့် နိုင်ငံသားတိုင်းအပေါ် တပြေးညီ ဆောင်ရွက်ပေးရန်နှင့် ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်၊ မရှိဟုဆိုပါက အဘယ်ကြောင့်ဆိုသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်က "ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေတွင် ဒီရေတောများ ဖွံ့စည်းပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း " အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၆)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။